# ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ သဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစီမံကိန်း (Country Programme) (၂၀၁၄-၂၀၁၇)တွင် ပါဝင်သည့် အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက နေပြည်တော် ရှိုင်ရယ်အေစီအီးဟိုတယ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် UNODC မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr. Troels Vester က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောင်းလဲလာသော မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများ၊ မြန်မာနိုင်ငံမှုခင်းကြိုတင်ကာကွယ်ရေးတွင် အဓိကဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူ့အခွင့်အရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။




အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို နံနက် ၁၁ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပခဲ့ရာ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့် လမ်းညွှန်ချက်များ၊ အတွေ့အကြုံကောင်းများ၊ မြန်မာနိုင်ငံ၌ နှစ်အလိုက် ဖြစ်ပွားခဲ့သော မှုခင်းအမျိုးအစားများနှင့် အရင်းခံ အကြောင်းတရားများ၊ အန္တရာယ်ဖြစ်စေသော အကြောင်းတရားများ၊ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်နှင့် မှုခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက်အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ Help Age International အဖွဲ့နှင့် ထိုင်းနိုင်ငံ Themasat University တို့ ပူးပေါင်းဆောင်ရွက်သော မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒချမှတ်ခြင်းဆိုင်ရာအတွေ့အကြုံများရှင်းလင်းဆွေးနွေးပွဲ ("Experience Sharing Workshop on Policy Analysis and Policy Development Processes with Focus on NCDs") ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားပြီး Help Age International မှ နည်းပညာအကြံပေး ဒေါက်တာစိုးမြင့်က မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒချမှတ်အကောင်အထည်ဖော်မှု၏အရေးကြီးပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Themasat University မှ အပြည်ပြည်ဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှစ်ဦးက ထိုင်းနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို တင်ပြဆွေးနွေးရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**